## ပထမနေ့စ်

## အကြိမ် (၂၀) မြောက်သာမန်တနင်္ဂနွေနေ့။

**ပထမကျမ်း။**

**"သူစိမ်း၏သားသမီးတို့ကို ငါ၏သန့်ရှင်းသောတောင်သို့ခေါ် ဆောင်မည်။"**

ပရောဖက်အီဇာအီယအနာဂတ္တိကျမ်း - ၅၆၊ ၁နှင့်၆ မှ ၇။

သခင်ဘုရားသည်ဤသို့အမိန့်တော်ရှိသည်။ "တရားမျှတစွာစီရင်ကြလော့။ ဖြောင့်မတ်ခြင်းကို ကျင့်ကြလော့။အကြောင်းမူကားငါ၏ကယ်တင်ခြင်းရောက်ရန်လည်းကောင်း၊ငါ၏ဖြောင့်မတ်ခြင်းထင်ရှား စေရန်လည်းကောင်း၊အချိန်နီးကပ်လာပြီး"သခင်ဘုရားအားဆည်းကပ်သောသူစိမ်း၏သားသမီးတို့ကို ကိုယ်တော်အားကိုးကွယ်ကြရန်လည်းကောင်း၊သခင်ဘုရား၏နာမတော်ကိုချစ်ခင်ကြရန်လည်းကောင်း၊ ငါ၏ပဋိညာဉ်ကိုလက်ဆုပ်လက်ကိုင်ထား၍ဥပုသ်နေ့ကိုမညစ်ညမ်းစေဘဲ၊စောင့်ရှောက်ထိန်းသိမ်းသော အစေခံများဖြစ်စေရန်လည်းကောင်း၊သူတို့ကိုငါ၏သန့်ရှင်းသောတောင်သို့ခေါ် ဆောင်မည်။ငါသည် သူတို့ကိုငါ၏ဆုတောင်းရာအိမ်၌ရွှင်လန်းစေမည်။ငါ၏ပူဇော်ရာပလ္လင်ပေါ်၌သူတို့ဆက်ကပ်သော ပူဇော်ခြင်းတို့သည်ငါ့အားနှစ်သက်စေလိမ့်မည်။အကြောင်းမူကားငါ၏အိမ်တော်သည်ဆုတောင်းရာ အိမ်ဟုလူမျိုးအပေါင်းတို့ကခေါ် ရလိမ့်မည်။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**ဆာလံသီချင်းဧကျူးခြင်း။**

ဆာလံ - ၆၆၊

သံပြိုင် - အိုဘုရားသခင်လူတို့သည် ကိုယ်တော်အားဝတ်ပြုကိုးကွယ်ကြပါစေ။

- အိုဘုရားသခင်ကိုယ်တော်အား လူအပေါင်းတို့သည် ချီးမွမ်းထောမနာပြုကြပါစေ။ ဘုရားသခင် သည်ကျွန်ုပ်တို့ကိုသနားတော်မူ၍ကောင်းချီးမင်္ဂလာပေးတော်မူပါစေ။မိမိ၏ချိုသာသော မျက်နှာတော်ကိုလည်းပြတော်မူပါစေ။ မြေကြီးပေါ်၌ ကိုယ်တော်၏ တရားတော်ကိုလည်း ကောင်း၊ လူမျိုးတကာတို့၌ ကိုယ်တော်၏ကယ်တင်ခြင်းကိုလည်းကောင်းသိရှိကြပါစေ။ (သံပြိုင်)
- လူအမျိုးမျိုးတို့သည်ရွှင်လန်းဝမ်းမြောက်ကြပါစေ။အကြောင်းမူကားကိုယ်တော်သည်လူမျိုးတ ကာတို့ကိုဖြောင့်မတ်စွာတရားစီရင်တော်မူ၍မြေကြီးပေါ်မှာရှိသောလူမျိုးတို့ကိုလမ်းပြတော်မူပြီ၊ (သံပြိုင်)

- အိုဘုရားသခင်လူအမျိုးမျိုးတို့သည်ကိုယ်တော်ကိုချီးမွမ်းကြပါစေ။လူအပေါင်းတို့သည်လည်း ကိုယ်တော်ကိုချီးမွမ်းကြပါစေ။ဘုရားသခင်သည်ကျွန်ုပ်တို့ကိုကောင်းချီပေးတော်မူပါစေ။ မြေကြီးပေါ်၌ရှိသော လူအပေါင်းတို့သည်လည်း ကိုယ်တော်ကိုကြောက်ရွံ့ရိုသေကြပါစေ။

**ဒုတိယကျမ်း။**

**" အစ္စရေးလူမျိုးတို့အား ခေါ်တော်မူခြင်းနှင့် သူတို့အားပေးသော ကျေးဇူးများကို ပြန်လည်ရုပ်သိမ်းလိမ့်မည်မဟုတ်"**

*မွန်မြတ်သော တပည့်တော်ကြီး သံပေါလူးရောမားမြို့သားတို့ထံ ရေးသောစာ။ (၁၁၊ ၁၃မှ၁၅နှင့် ၂၉ မှ ၃၂အထိ)*

ညီအစ်ကိုတို့၊

အစ္စရေးအမျိုးအနွယ်မဟုတ်သူသင်တို့အားကျွန်ုပ်ပြောပါရစေ။ကျွန်ုပ်သည်အစ္စရေးအမျိုးအနွယ်မဟုတ်သူတို့အတွက်တမန်တော်ဖြစ်ရသည့်အားလျော်စွာအမှုထမ်းဆောင်ရခြင်းကိုကျွန်ုပ်ဂုဏ်ယူပါသည်။ဤကဲ့သို့ဂုဏ်ယူဆောင်ရွက်ခြင်းဖြင့်ကျွန်ုပ်နှင့်တစ်သွေးတစ်သားတည်းဖြစ်သူတို့အားမခံချင်စိတ်ဖြစ်စေ၍သူတို့မှအချို့တို့ကိုကယ်ရန်ဖြစ်သည်။အစ္စရေးလူမျိုးတို့ပယ်ရှားခံရခြင်းသည်ကမ္ဘာတစ်ဝန်းလုံးရှိသူအားလုံးတို့ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းအကြောင်းဖြစ်လျှင် ထိုသူတို့ကို လက်ခံသိမ်းပိုက်ခြင်းသည်သေခြင်းမှအသက်ရှင်ခြင်းသို့ကူးပြောင်းခြင်းမျှသာဖြစ်သည်။ဘုရားသခင်သည်ခေါ်တော်မူခြင်းနှင့်ပေးထားသော ကျေးဇူးတော်များကို ပြန်လည်ရုပ်သိမ်းလိမ့်မည်မဟုတ်။ သင်တို့သည် အရင်အထက်ကျော်ကာလကဘုရားသခင်ကိုမယုံကြည်နားမထောင်ခဲ့ကြသော်လည်းယခုမှာအစ္စရေးလူတို့နားမထောင်သောကြောင့်၊ဘုရားသခင်၏သနားကြင်နာတော်မူခြင်းကိုသင်တို့ခံကြရသည့်နည်းတူယခုထိုသူတို့မယုံကြည်၊နားမထောင်ကြခြင်းသည်သင်တို့ခံရကြသောသနားခြင်းဖြင့်သူတို့သည်လည်းသနားခြင်းခံကြရန်ဖြစ်သည်။လူတို့နားမထောင်ကြခြင်းကိုဘုရားသခင်ကိုလျစ်လျူရှုထားခြင်းသည်လူတို့အပေါ်သနားကြင်နာခြင်းကိုပြရန်သာဖြစ်သည်။

***ဤသည်ကားဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။***

အာလေလူယား။ (သံမာတေဦး ၄၊ ၂၃)

အာလေလူယား၊ ယေဇူးသခင်သည် နိုင်ငံတော်နှင့် ဆိုင်သော ဧဝံဂေလိတရားကိုဟောတော်မူလျက်၊ လူတို့တွင် အမျိုးမျိုးသော အနာရောဂါများကို ချမ်းသာစေတော်မူသည်။ အာလေလူယား။

**ဇဝံဂေလိကျမ်း။**

## " အိုမိန်းမ၊ သင်၏ ယုံကြည်ခြင်းသည်အားကြီးလှ၏"

*သံမာတေဦးရေးထားသော သန့်ရှင်းသော ဇဝံဂေလိကျမ်း (၁၅၊ ၂၁ မှ ၂၈)*

ထိုကာလ၌ယေဇူးသည်ထိုအရပ်မှထွက်တော်မူ၍တီရိုနှင့်စီဒုန်မြို့၏ကျေးလက်သို့ဆုတ်လာတော်မူလျှင်ခါနားနေသူတစ်ဦးသည်ထိုနယ်စွန်းအရပ်များကထွက်ခဲ့ပြီးလျှင်ဒါဝိတ်သားတော်အရှင်ကျွန်တော်မကိုသနားတော်မူပါ။ကျွန်တော်မသမီးသည်နတ်ဆိုးညှဉ်းဆဲ၍ပြင်းထန်စွာခံရပါသည်ဟုဟစ်ကြွေး၍လျှောက်လေ၏။ကိုယ်တော်မူကားစကားတစ်ခွန်းကိုမျှထိုသူအားပြန်ပြောတော်မမူဘဲနေတော်မူ၏။တပည့်တော်တို့သည်လည်းအထံတော်သို့ချဉ်းကပ်ကြ၍သူသွားပါစေ၊တပည့်တော်တို့နောက်ကဟစ်ကြော်၍နေပါသည်ဟုလျှောက်တောင်းပန်ကြလေ၏။ကိုယ်တော်ကလည်းအစ္စရေးအိမ်မှပျောက်သောသိုးများဆီသို့သာစေလွှတ်ခြင်းကိုငါခံရသည်ဟုပြန်ပြောတော်မူ၏။ထိုသူမူကားလာ၍ကိုယ်တော်ကိုရှိခိုးလျက်၊အရှင်ဘုရားကျွန်တော်မကိုကယ်တော်မူပါဟုလျှောက်လေ၏။ကိုယ်တော်ကလည်းသားတို့၏ အစာကိုယူ၍ခွေးတို့အားမပေးမချကောင်းဟုပြန်ပြောတော်မူ၏။အမိန့်တော်အတိုင်းပါအရှင်ဘုရား။သို့သော်လည်းခွေးငယ်တို့သည်လည်းမိမိသခင်၏စားပွဲမှကျသောအစအနကိုစားရပါသေးသည်ဟုလျှောက်လေ၏။ထိုအခါယေဇူးကအိုမိန်းမသင်၏ယုံကြည်ခြင်းသည်အားကြီးလှ၏။သင်အလိုရှိသည့်အတိုင်းသင့်အားဖြစ်စေဟုပြန်၍ မိန့်တော်မူ၏။ ထိုအချိန်နာရီမှစ၍ သူ၏ သမီးသည်ချမ်းသာလေ၏။

***ဤသည်ကားဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။***